# Third Sunday of Lent - B

## 1st READING: *Ex 20:1-17*

ထွက်မြောက်ရာကျမ်း၊ ၂၀း ၁–၁၇

ထိုအခါဘုရားသခင်မိန့်တော်မူသောစကားများဟူမူကား၊ငါသည်သင့်ကိုကျွန်ခံနေရာအဲဂုတ္တုပြည်မှကယ်နှုတ်ဆောင်ယူခဲ့ပြီးသော သင်၏ဘုရားသခင် ထာဝရဘုရားဖြစ်၏။ ငါမှတပါးအခြားသောဘုရားကို မကိုးကွယ် နှင့်။ အထက် မိုဃ်းကောင်းကင်၌ရှင်းင်း၊ အောက်အရပ်မြေကြီးပေါ်၌ရှင်း၊မြေကြီးအောက်ရေထဲ၌ရှင်းရှိသောအရာနှင့်ပုံသဏ္ဍာန်တူအောင်၊ရုပ်တုဆင်းတုကိုကိုယ်အဘို့မလုပ်နှင့်။ဦးမချဝတ်မပြုနှင့်။အကြောင်းမူကား၊သင်၏ဘုရားသခင်ငါထာဝရဘုရားသည်၊သင်၌အပြစ်ရှိသည်ဟုယုံလွယ်သောဘုရား၊ငါ့ကိုမုန်းသောသူတို့၏အမျိုးအစဉ်အဆက် ၊ တတိယအဆက်၊ စတုတ္ထအဆက် တိုင်အောင်၊ အဘတို့၏အပြစ်ကိုသားတို့၌ ဆပ်ပေးစီရင်သောဘုရား၊ ငါ့ကိုချစ်၍ငါ့ပညတ်တို့ကိုကျင့်သောသူတို့၏အမျိုးအစဉ်အဆက်အထောင်အသောင်းတိုင်အောင်၊ကရုဏာကိုပြသော ဘုရား ဖြစ်၏။ သင်၏ဘုရားသခင် ထာဝရဘုရား၏ နာမတော်ကို မှသာနှင့်ဆိုင်၍ မမြွက်မဆိုနှင့်။ အကြောင်းမူကား၊ နာမတော်ကိုမှသာနှင့်ဆိုင်၍မြွက်ဆိုသောသူကိုအပြစ်မရှိဟု ထာဝရဘုရားမှတ်တော်မမူ။ ဥပုသ်နေ့ကိုသန့်ရှင်းစေခြင်းငှါ၊ထိုနေ့ရက်ကိုအောက်မေ့လော့။ခြောက်ရက်ပတ်လုံးအလုပ်မျိုးကိုကြိုးစား၍လုပ်ဆောင်လော့။သတ္တမနေ့ရက်သည်သင်၏ဘုရားသခင်ထာဝရဘုရား၏ ဥပုသ်နေ့ဖြစ်၏။ ထိုနေ့၌ သင်မှစ၍ သင်၏သားသမီး၊ ကျွန်ယောက်ျား မိန်းမ၊ တိရစ္ဆာန်။ သင်၏တံခါးအတွင်း၌ နေသော ဧည့်သည် အာဂန္တုသည် အလုပ်မလုပ်ရ။ အကြောင်းမူကား၊ ထာဝရဘုရားသည် မိုဃ်းကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာ၊ အရပ်ရပ်၌ ရှိသမျှတို့ကို ခြောက်ရက် တွင်ဖန်ဆင်း၍သတ္တမနေရက်၌ငြိမ်ဝပ်စွာနေတော်မူ၏။ထိုကြောင့်ထာဝရဘုရားသည် သတ္တမနေ့ရက်ကိုကောင်းကြီးပေး၍သန့်ရှင်းစေတော်မူ၏။သင်၏ဘုရားသခင်ထာဝရဘုရားပေးသနားတော်မူသော ပြည်၌ သင်၏အသက်တာရှည်မည်အကြောင်း၊သင်၏မိဘကိုရိုသေစွာပြုလော့။လူအသက်ကိုမသတ်နှင့်။ သူ့မယားကိုမပြစ် မှားနှင့်။ သူ့ဥစ္စာကိုမခိုးနှင့်။ကိုယ်နှင့်စပ်ဆိုင်သောသူတဘက်၌မမှန်သောသက်သေကိုမခံနှင့်။ ကိုယ်နှင့် စပ်ဆိုင်သောသူ၏ အိမ်ကို တပ်မက်လိုချင်သောစိတ် မရှိစေနှင့်။ ကိုယ်နှင့်စပ်ဆိုင်သောသူ၏ မယား၊ သူ၏ကျွန်ယောက်ျားမိန်းမ၊နွား၊မြည်းမှစ၍ကိုယ်နှင့်စပ်ဆိုင်သောသူ၏ဥစ္စာတစုံတခုကိုမျှတပ်မက်လိုချင်သော စိတ်မရှိစေနှင့် ဟုမိန့်တော်မူ၏။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**

## Responsorial Psalm *Ps 19:8, 9, 10, 11*

ဆာလံ ၁၉

**သံပြိုင်။** ။ ထာဝရအသက်နှင့်ဆိုင်သောစကားသည်ကိုယ်တော်၌ရှိပါ၏။

R. **Lord, you have the words of everlasting life.**

၁။ထာဝရဘုရား၏ဥပဒေတို့သည်မှန်ကန်ကြ၍စိတ်နှလုံးအားဝမ်းမြောက်ရွှင်လန်းစေ၏။ ထာဝရဘုရား၏ ပညတ်တော်သည်စင်ကြယ်တော်မူသည်ဖြစ်၍မျက်စေ့များကိုအလင်းပေးတော်မူ၏။ **သံပြိုင်။**

The law of the LORD is perfect, refreshing the soul; The decree of the LORD is trustworthy, giving wisdom to the simple. The precepts of the LORD are right, rejoicing the heart; the command of the LORD is clear, enlightening the eye.

၂။ ထာဝရဘုရားကိုကြောက်ရွံ့ရိုသေခြင်းသည်သန့်ရှင်း၍အစဉ်တည်၏။ကိုယ်တော်၏စီရင်ချက်များသည် သစ္စာတရားနှင့်ညီ၍၊ တစ်ညီတစ်ညွတ်တည်းဖြောင့်မတ်ကြ၏။ **သံပြိုင်။**

The fear of the LORD is pure, enduring forever; the ordinances of the LORD are true, all of them just.

၃။ ယင်းတို့သည်ရွှေထက်မကအသန့်စင်ဆုံးရွှေထက်ပင်နှစ်လိုဖွယ်ဖြစ်၏။ ယင်းတို့သည်သာမန်ပျားရည် ထက်မကပျားလပို့မှယိုစီးနေသောပျားရည်ထက်ပင်ပို၍ချိုမြ၏။ **သံပြိုင်။**

They are more precious than gold, than a heap of purest gold; sweeter also than syrup or honey from the comb.

## 2nd READING: *1 Cor 1:22-25*

ကော်ရင့်သုသြဝါဒပထမစာစောင် ၁း၂၂–၂၅

ညီအစ်ကိုတို့၊-
ဂျူးလူမျိုးတို့သည်နိမိတ်လက္ခဏာများကိုတောင်းဆိုကြ၍ဂရိတို့သည်ဉာဏ်ပညာကိုတောင်းဆိုကြ၏။
သို့ရာတွင်ငါတို့မူကားလက်ဝါးကပ်တိုင်တင်ခံရသောခရစ်တော်ကိုဟောပြောကြသောကြောင့်ဂျူးလူမျိုးတို့အတွက်ခလုတ်ကန်သင်းတစ်ခုပမာဖြစ်ပြီးလူမျိုးခြားတို့အတွက်အဓိပ္ပါယ်မဲ့သောအရာတစ်ခုဖြစ်ရလေပြီ။
ထိုသို့ဖြစ်သော်လည်းခေါ်တော်မူခြင်းခံရကြသောဂျူးတို့နှင့်ဂရိလူမျိုးနှစ်စုလုံးအတွက်မှာမူခရစ်တော်သည်ဘုရားသခင်၏ဘုန်းတန်ခိုးတော်နှင့်ဘုရားသခင်၏ရွှေဉာဏ်ပညာတော်ဖြစ်တော်မူပေသည်။အကြောင်းမူကား၊ဘုရားသခင်၏မိုက်မဲခြင်းသည်လူသားတို့ဉာဏ်ပညာရှိခြင်းထက်ပို၍ထက်မြက်ပြီး၊ ဘုရားသခင်၏ခွန်အားနည်းမှုသည်လူတို့ထက်ခွန်အားသန်စွမ်းလေသည်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## GOSPEL: *John 2:13-25*

ရှင်ယောဟန်ဧဝံဂေလိကျမ်း (၂း၁၃–၂၅)

ဂျူးလူမျိုးတို့၏ပါစကားပွဲနီးကပ်လာပြီဖြစ်သောကြောင့်သခင်ယေရှုသည်ဂျေရုဆလင်မြို့သို့တက်ကြွတော်မူ၏။ဗိမာန်တော်အတွင်း၌နွား၊သိုးနှင့်ခိုများရောင်းဝယ်နေကြသောသူတို့နှင့်ငွေကြေးလဲလှယ်သူများထိုင်နေကြသည်ကိုတွေ့တော်မူလျှင်။ကြိုးများစည်း၍နှင်တံပြုလုပ်ပြီးထိုသူအားလုံးတို့ကိုသိုးများ၊နွားများနှင့်အတူဗိမာန်တော်အပြင်သို့မောင်းထုတ်တော်မူ၏။ငွေလဲလှယ်သူတို့၏ငွေများကိုသွန်ချ၍ခုံများကိုမှောက်ပစ်တော်မူ၏။ခိုရောင်းသောသူတို့အား၎င်းအရာများကိုယူသွားကြလော့၊ငါ့ခမည်းတော်၏အိမ်တော်ကိုပွဲဈေးမဖြစ်စေကြနှင့်ဟုမိန့်တော်မူ၏။ တပည့်တော်တို့မူကားကိုယ်တော်၏အိမ်တော်အတွက်ချစ်ခင်တွယ်တာမှုသည်ကျွန်ုပ်ကိုလောင်ကျွမ်းလျက်ရှိပါ၏ဟုရေးထားသောကျမ်းချက်ကိုသတိရကြ၏။ ဂျူးလူမျိုးတို့ကလည်းသင်သည်ဤကဲ့သို့ပြုလုပ်ပိုင်ခွင့်ရှိကြောင်းကိုငါတို့အားမည်သည့်အမှတ်လက္ခဏာအားဖြင့်ပြမည်နည်းဟုကိုယ်တော်အားမေးကြ၏။ကိုယ်တော်ကလည်းဤဗိမ္မာန်တော်ကိုဖြိုဖျက်ကြလော့။သုံးရက်အတွင်းငါသည်ပြန်လည်တည်ဆောက်မည်ဟုသူတို့အားဖြေကြားတော်မူ၏။ထိုအခါဂျူးလူမျိုးတို့ကဤဗိမာန်ကိုနှစ်ပေါင်းလေးဆယ့်ခြောက်နှစ်တိုင်အောင်တည်ဆောက်ခဲ့ကြရ၏။သင်မူကားသုံးရက်အတွင်းတည်ဆောက်နိုင်မည်လောဟုဆိုကြ၏။ သို့သော်ကိုယ်တော်သည်မိမိခန္ဓာကိုယ်တည်းဟူသောဗိမ္မာန်တော်ကိုရည်ညွှန်းပြောဆိုခြင်းဖြစ်၏။ ထို့ကြောင့်ကိုယ်တော်သည်သေခြင်းမှရှင်ပြန်ထမြောက်တော်မူသောအခါကိုယ်တော်ဤကဲ့သို့မိန့်တော်မူခဲ့ကြောင်းကိုတပည့်တော်တို့သတိရခဲ့ကြသဖြင့်ကျမ်းစာတော်ကိုလည်းကောင်း၊ သခင်ယေရှုမိန့်တော်မူခဲ့သောစကားကိုလည်းကောင်းသူတို့ယုံကြည်ကြ၏။ကိုယ်တော်သည်ဂျေရုဆလင်မြို့တွင်ပါစကားပွဲနေ့၌ရှိတော်မူစဉ်ကိုယ်တော်ပြုတော်မူသောအံ့ဖွယ်လက္ခဏာတို့ကိုမြင်ကြသဖြင့်ကိုယ်တော်၏နာမတော်၌ယုံကြည်ကြ၏။သို့သော်သခင်ယေရှုသည်ထိုသူတို့အားမိမိကိုယ်ကိုထင်ရှားစေတော်မမူချေ။အဘယ်ကြောင့်ဆိုသော်ကိုယ်တော်သည်လူအားလုံးတို့ကိုသိတော်မူ၏။ကိုယ်တော်သည်လူ၏စိတ်ထဲတွင်ရှိသမျှကိုသိမြင်တော်မူသောကြောင့်လူ၏အကြောင်းကိုသက်သေခံစေခြင်းငှါမည်သူ့ကိုမျှလိုအပ်တော်မမူပေ။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။